# Mountain View သတင်းစာစောင်

## ကျောင်းအုပ်ကြီး၏ အမှာစကား

ပြီးခဲ့သည့် သောကြာနေ့တွင် ကျင်းပခဲ့သော ကျွန်ုပ်တို့ ကျောင်းအသင်းအဖွဲ့ကောင်စီ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် တစ်ဦးတစ်ယောက်စီတိုင်းအား ကျေးဇူးတင်ကြောင်း ဦးစွာ ပြောကြားလိုပါသည်။ ဂရုတစိုက်ရှိသော မိဘများ၏ အသံသည် ကျွန်ုပ်တို့ ကျောင်း၏ ကြီးကျယ်ခမ်းနားမှုကို ဆက်လက် ထိန်သိမ်းပေးပြီး၊ ပို၍ ကြီးကျယ်ခမ်းနားလာစေရန်ပင် ဆောင်ရွက်ပေးနိုင်ပါသည်။ သင်၏ ပါဝင်ထည့်သွင်းမှု နှင့် မြှုပ်နှံမှုတို့အတွက် သင့်အား ကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။

## ဟောလိုးဂင်း ခြောက်လှန့် ပွဲတော်

ဟောလိုးဂင်း ခြောက်လှန့် ပွဲတော်အား အောက်တိုဘာလ 25 ရက်၊ သောကြာနေ့ အချိန် နေ့ခင်း 3:00 မှ ညနေ 6:00 အထိ Community Learning Center (ရပ်ရွာအသိုင်းအဝိုင်း သင်ယူလေ့လာမှု စင်တာ) တွင် ကျင်းပမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်လှုပ်ရှားစွာဖြင့် ထုတ်ပြန်ကြေငြာအပ်ပါသည်။ အဆိုပါပွဲတွင် ကျန်းမာရေး စစ်ဆေးမှုများ၊ ရပ်ရွာလူမှုအသိုင်းအဝိုင်း ကျန်းမာရေး အရင်းအမြစ်များ၊ ကလေးများအတွက် လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်များ၊ ဓာတ်ပုံရိုက်သည့် အခန်း နှင့် "အလှည့်စားခံမလား ဒါမှမဟုတ် မုန့်ကျွေးမလား" ပျော်ရွှင်ဖွယ် ဝလေ့အစီအစဉ်များတို့ ပါဝင်မည် ဖြစ်သည်။ ဤပွဲအစီအစဉ်၏ စိတ်လှုပ်ရှားဖွယ်ရာအကောင်းဆုံးသော အရာများထဲမှ တစ်ခုမှာ သင် နှင့် သင့်မိသားစုတို့အနေနှင့် တုတ်ကွေး ကာကွယ်ဆေးများအား အခမဲ့ လာရောက်ရယူနိုင်သည်ဆိုသည့် အချက်ပင် ဖြစ်သည်။ အဆိုပါတုတ်ကွေးကာကွယ်ဆေးများအား နေ့လည် 12:00 မှ ညနေ 6:00 ကြား ပစ္စည်းလက်ကျန်ရှိနေသရွေ့ ရရှိနိုင်မည်ဖြစ်ပါသည်။ ကာကွယ်ဆေး ရယူမည့်သူများသည် အနည်းဆုံး အသက် ခုနစ်နှစ် ပြည့်ပြီးဖြစ်ရမည် ဖြစ်သည်။ အားလုံး ပါဝင်ဆောင်ရွက်ကြပါရန် ကျွန်ုပ်တို့ တိုက်တွန်းအားပေးအပ်ပါသည်။ ဖျားနာမကျန်းဖြစ်ခြင်းသည် မိသားစုအား ငွေကုန်၊ အချိန်ကုန် ဖြစ်စေသည့်အပြင် စိတ်ဖိစီးမှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ ကာကွယ်ဆေးရယူထားခြင်းအားဖြင့် သင့်နေအိမ်တွင် နာမကျန်းဖြစ်မှုအား ရှောင်ရှားလိုက်ပါ။ ကျွန်ုပ်တို့အနေနှင့် Walgreens ၊ Salt Lake Education Foundation ပညာရေး ဖောင်ဒေးရှင်း နှင့် Association for Utah Community Health (Utah ရပ်ရွာအသိုင်းအဝိုင်း ကျန်းမာရေး အစည်းအရုံး) တို့အား ဤပွဲအစီအစဉ် နှင့် ကာကွယ်ဆေးများ ဖြစ်မြောက်အောင် စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

## သင့်ကလေး၏ စာနာတတ်မှုအဆင့် တိုးမြင့်လာစေရန်အတွက် အကြံပြုထားသော လှုပ်ရှားမှု

ပြီးခဲ့သည့် အပတ် သတင်းစာစောင်တွင် သင့်ကလေးအား စာနာတတ်မှုကို ကူညီ သင်ကြားပေးမည့် လှုပ်ရှားမှုတစ်ခုအား အကြံပြုထားပါသည်။ ကလေးများအား ၎င်းတို့ ယခင်က တစ်ကြိမ်တစ်ခါမှ မတွေ့ ကြုံဖူးသည့် အခြေအနေတစ်ခုတွင် ၎င်းတို့အား စိတ်ကူးယဉ်နေထိုင်ကြည့်စေပြီး၊ ၎င်းနောက် အဆိုပါအား ရုပ်ပုံရေးဆွဲစေခြင်း သို့မဟုတ် ၎င်းတို့ စဉ်းစားသည့်အရာအား ရေးချစေခြင်းအားဖြင့် ၎င်းတို့၏ အတွေးအား မျှဝေမှုပြုစေရန် Dr. Michele Borba မှ အကြံပြုထားပါသည်။

ကျွန်ုပ်တို့၏ကလေးများအား အခြေအနေတစ်ခုကို လက်တွေ့ အမှန်တကယ် တွေ့ ကြုံခံစားကြည့်စေခြင်းသည်လည်း အကြံကောင်းတစ်ခု ဖြစ်ပါလိမ့်မည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ကလေးများအား အိမ်ခြေရာမဲ့ ခိုနားရာဂေဟာ၊ သက်ငယ် ထိန်းသိမ်းရေး ခန်းမ သို့မဟုတ် သူနာပြုစောင့်ရှောက်မှု ဂေဟာတစ်ခုသို့ လည်ပတ်စေရန် ကျွန်ုပ်တို့ ခေါ်ဆောင်သွားနိုင်ပါသည်။ ထို့ပြင် ၎င်းတို့၏ မျက်စိအား မျက်စိအကာ ပတ်စည်းပေးထားခြင်း၊ ဘီးတပ်ကုလားထိုင် ဝှီးလ်ချဲပေါ်တွင် ထိုင်စေခြင်း သို့မဟုတ် အချိန်တစ်ခုအထိ ၎င်းတို့၏အသံအား အသုံးမပြုစေခြင်း အစရှိသည်တို့အားဖြင့် မသန်စွမ်းသူများ၏ ဘဝအတွေ့အကြုံ အစိတ်အပိုင်းငယ်လေးတစ်ခုအား တွေ့ ကြုံခံစားကြည့်စေနိုင်ပါသည်။ အဆိုပါ အတွေ့ အကြုံအား ခံစားပြီးသည့်နောက်တွင် သင့်ကလေးအား အဆိုပါ အတွေ့အကြုံနှင့်ပတ်သက်ပြီး ထပ်မံ ပြောဆိုစေခြင်း သို့မဟုတ် ရေးသားစေခြင်း၊ ၎င်းတို့၏ ရှုထောင့်အမြင်သည် ၎င်းတို့ တွေးတောထားသည်ဖြင့် တူညီခြင်း သို့မဟုတ် ကွဲပြားခြင်း ရှိမရှိ မေးမြန်းခြင်း အစရှိသည်တို့ကို ဆောင်ရွက်ခြင်းသည်လည်း ကောင်းမွန်ပါသည်။ ထို့ပြင် သင့်ကလေးအား နောက်ထပ်သော ရှုထောင့်အမြင်တစ်ခု ရရှိစေရန် ၎င်းတို့အတွက် သင်ကိုယ်တိုင် သွားရောက်ပြီး၊ ၎င်းတို့နှင့်အတူ လုပ်အားပေးနိုင်ကြောင်းကိုလည်း Dr. Borba မှ အကြံပြုထားပါသည်။



## နောက်လာမည့် အစီအစဉ်များ

**ကြာသပတေးနေ့ ၊အောက်တိုဘာလ 17 ရက်**
ကျောင်း မရှိပေ၊ ဆောင်းဦးကာလ ပိတ်ရက်
**သောကြာနေ့ ၊ အောက်တိုဘာလ 18 ရက်**
ကျောင်း မရှိပေ၊ ဆောင်းဦးကာလ ပိတ်ရက်
**တနင်္လာနေ့ ၊ အောက်တိုဘာလ 21 ရက်**
ကျောင်း မရှိပေ၊ ဆောင်းဦးကာလ ပိတ်ရက်
**သောကြာနေ့ ၊ အောက်တိုဘာလ 25 ရက်**
အခမဲ့ တုတ်ကွေး ကာကွယ်ဆေးများ၊ 12:00-6:00 ၊ CLC
**ကြာသာပတေးနေ့၊ အောက်တိုဘာလ 31 ရက်**
ဟောလိုးဂင်း စိတန်းလှည့်လည်ပွဲ၊ 1:30

## မိဘများ နှင့် အဆာသွပ်မုန့်များ

သောကြာနေ့ မနက်တိုင်းတွင် မိဘများအနေနှင့် ပညာရေးစနစ်အကြောင်း သင်ယူလေ့လာရန်၊ ကျောင်းအလုပ်အမှုဆောင်အဖွဲ့ နှင့် ဂန်ထမ်းအဖွဲ့ဝင်များတို့ဖြင့် တွေ့ဆုံရန် နှင့် မိမိတို့ကလေးများ၏ ကျောင်းနေအတွေ့အကြုံ အရေးကြီး ကိစ္စရပ်များအား ဆွေးနွေးတိုင်ပင်ရန် အစရှိသည်တို့အတွက် အခွင့်အလမ်းတစ်ခု ရရှိမည်ဖြစ်ပါသည်။ ဤတွေ့ဆုံဆွေးနွေးမှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်ရန် သောကြာနေ့တွင် လာရောက်ဖို့ သင့်အား ကျွန်ုပ်တို့ ဖိတ်ကြားအပ်ပါသည်။ Community Learning Center အခန်း 182 တွင် 8:15 အချိန်၌ ကျွန်ုပ်တို့ တွေ့ဆုံမည် ဖြစ်ပါသည်။ အကယ်၍ ၎င်းနေရာအား ရှာဖွေရန်အတွက် သင် အကူအညီလိုအပ်ပါက ကျွန်ုပ်တို့၏ ရုံးဂန်ထမ်းများသည် ဂမ်းမြောက်ဂမ်းသာဖြင့် နေရာမှန်အား လမ်းညွှန်ပေးမည် ဖြစ်ပါသည်။ အစည်းအဝေးတွင်တွေ့ဆုံရန် မျှော်လင့်လျက်

## ကျောင်းအသင်းအဖွဲ့ကောင်စီ

ကျောင်းအသင်းအဖွဲ့ကောင်စီ (SCC) သည် CLC ၌ လစဉ် တွေ့ဆုံသွားမည် ဖြစ်သည်။ SCC တွေ့ဆုံဆွေးနွေးပွဲများအား လူထုထံသို့ ဖွင့်လှစ်ပေးထားပါသည်။

## လူမှုမီဒီယာပေါ်တွင် Mountain View အား သတင်းလိုက်ထားပါ သို့မဟုတ် သူငယ်ချင်းဖွဲ့ထားပါ။

Facebook - @MountainViewSLC ။
Twitter - @mtviewlibrary ။
ကျွန်ုပ်တို့အား သင် သတင်းလိုက်ထားသည်ကို ကျွန်ုပ်တို့ တွေ့မြင်လိုပါသည်၊ ထို့ပြင် သင်၏ မိတ်ဆွေများ နှင့် မိသားစုအားလည်း ကျွန်ုပ်တို့ကို သတင်းလိုက်ထားစေဖို့ သင် ဖိတ်ကြားပေးမည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။

## Community Learning Center (ရပ်ရွာအသိုင်းအဝိုင်း သင်ယူလေ့လာမှု စင်တာ) သင်တန်းများ

ကျွန်ုပ်တို့၏ Community Learner Center သည် ကျောင်းသားများ နှင့် လူကြီးများတို့အတွက် သင်တန်း အများအပြားအား ကမ်းလှမ်းထောက်ပံ့ပေးလျက် ရှိပါသည်။ ပြက္ခဒိန်တစ်စောင်အား ရယူရန်အတွက် ကျေးဇူးပြုပြီး Community Learning Center ရုံးခန်းသို့ တစ်ချက် ဝင်လာပေးစေလိုပါသည်။ ကျွန်ုပ်တို့၏ ရပ်ရွာအသိုင်းအဝိုင်းမှ မည်သူမဆိုအား သင်တန်းများအတွက် စာရင်းပေးတက်ရောက်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။

MV LIMB Newsletter 101619 BIRMESE 2019-10-16

မည်သည့် ခရိုင်ဂန်ထမ်း သို့မဟုတ် ကျောင်းသားမဆိုသည် အသက်၊ အသားရောင်၊ မသန်စွမ်းမှု၊ ကျား၊မ လိင်ကွဲပြားမှု၊ လိင်ခံယူစိတ်၊ မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များ၊ မူလ နိုင်ငံသား၊ ကိုယ်ဂန်ဆောင်ထားရခြင်း၊ မျိုးနွယ်၊ ဘာသာရေး၊ လိင်စိတ်တိမ်းညွှတ်မှု၊ သို့မဟုတ် စစ်ပြန် စစ်မှုထမ်းဟောင်းအခြေအနေ အစရှိသည်တို့အပေါ်တွင် အခြေခံကာ အလုပ်ခန့်အပ်မှုတွင်သော်လည်းကောင်း သို့မဟုတ် ခရိုင်အစီအစဉ်တစ်ခုခု သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုတစ်ခုခုတို့တွင်သော်လည်းကောင်း ခွဲခြားဆက်ဆံခြင်း မပြုရပေ။ ခရိုင်အနေနှင့် ၎င်း၏ မူဝါဒများ၊ မကျေနပ်ချက်တိုင်ကြားမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ အစီအစဉ်သို့ ဝင်ရောက်ရယူနိုင်မှု၊ ခရိုင်ဂန်ဆောင်မှုလုပ်ငန်း အသုံးပြုမှု၊ နေရာချစီစဉ်မှုများ နှင့် အခြားသော တန်းတူညီမျှသည့် အလုပ်ခန့်အပ်မှုဆိုင်ရာ အခွင့်အလမ်း ကိစ္စရပ်များ အစရှိသည်တို့ အပါအဝင် ၎င်း၏ အစီအစဉ်များ၊ ဂန်ဆောင်မှုများ နှင့် အလုပ်ခန့်အပ်မှုတို့တွင် တန်းတူညီမျှသော ဝင်ရောက်ရယူနိုင်ခွင့် နှင့် တန်းတူညီမျှသော အခွင့်အလမ်းတို့ကို ထောက်ပံ့ပေးသွားရန် ကတိကဝတ်ပြုထားပေသည်။ ခရိုင်အနေနှင့် ကင်းထောက်လူငယ်အုပ်စုများ အပါအဝင် United States ကုဒ် ခေါင်းစဉ် 36 အောက်တွင် စာရင်းပြုဖော်ပြထားသော လူငယ် အုပ်စုများ အားလုံးအတွက် ခရိုင် အထွေထွေဂန်ဆောင်ထောက်ပံ့မှုများတို့ကို တန်းတူညီမျှစွာ ဝင်ရောက်ရယူနိုင်ခွင့် ရရှိစေရန်အတွက်လည်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဥပဒေနှင့်ဆန့်ကျင်သော ခွဲခြားဆက်ဆံမှု၊ အနှောက်အယှက်ပေး တိုက်ခိုက်မှု နှင့် ရန်ငြိုးထားလက်တုံ့ပြန်မှု အစရှိသည်တို့နှင့်ပတ်သက်၍ စုံစမ်းမှုများ နှင့် တိုင်ကြားချက်များတို့ကို ကိုင်တွယ်စီမံရန်အတွက်ဌာ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား တာဂန်ခန့်အပ်ထားသည်။ Tina Hatch ၊ စည်းကမ်းထိန်းသိမ်းရေး နှင့် စုံစမ်းစစ်ဆေးမှုများ (Compliance and Investigations) ၊ 440 East 100 South, Salt Lake City, Utah 84111 ၊ (801)578-8388 ။ သင့်အနေနှင့် နိုင်ငံသားအခွင့်အရေးများ ရုံးခန်း (Office for Civil Rights) ၊ Denver ၊ CO ၊ (303)844-5695 သို့လည်း ဆက်သွယ်ကောင်း ဆက်သွယ်နိုင်ပေသည်။